# Information Sheet



Volume III, Issue 48 12 July 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေး စကားပြောကြား | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး | ၁၁ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများ ချက်ပြုတ်နေမှုများအား သွားရောက်ကြည့်ရှုအားပေး | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၈ |
| ၇ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုဏ္ဏားကျွန်း၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး | ၂၁ |
| ၈ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး | ၂၃ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့ တက်ရောက် | ၂၄ |
| ၁၀ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက် | ၂၅ |
| ၁၁ | ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်းနိုင်ငံတကာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြား | ၂၇ |
| ၁၂ | မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် လှူဒါန်းငွေနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကျင်းပ | ၂၈ |
| ၁၃ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် | ၂၉ |
| ၁၄ | ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင် | ၃၃ |
| ၁၅ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၃၅ |
| ၁၆ | ဖျာပုံမြစ်ဝတွင်သောင်တင်နေသော ကုန်တင်ရေယာဉ်တစ်စင်းအား တပ်မတော် (ရေ) ကွပ်ကဲမှုအောက်ရှိ အမြန်သွားကင်းလှည့်ရေယာဉ်မှ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် | ၃၆ |
| ၁၇ | အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၇ |
| ၁၈ | ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ | ၃၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ် ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို၊ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၁၁ ရက်တွင် ဇနီးဒေါ်ကြူကြူလှ၊ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသောသံဃာတော်များထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထို့နောက် စစ်တွေမြို့ရှိ ရေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူ ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကာ မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမည့် အခြေအနေများကို လျှောက်ထားတင်ပြခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီးသိမ်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှု၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သံဃာတော်အရှင်သူမြတ်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သကျမုနိဘုရားကြီးသိမ်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသောသံဃာတော်များထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီးသိမ်တော် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအားပေးစကားပြောကြား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဘူးသီးတောင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်လ ၁၀ ရက်တွင် သဘာဝဘေး ဒဏ်ခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်တပ်နယ်နှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားရာတွင်-

- မေလ ၁၅ ရက်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်၊ စစ်တွေတပ်နယ်သို့ရောက်ရှိခဲ့ပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများကိုကြည့်ရှုကာ လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း။
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ အခြားသောတပ်နယ်များသို့လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခြားသောတပ်မတော်အဆင့်မြင့်အရာရှိကြီးများကိုစေလွှတ်၍ ပျက်စီးဆုံးရှုံးမှုများအား ကြည့်ရှုစစ်ဆေးစေခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို စီမံခန့်ခွဲဆောင်ရွက်စေခဲ့ကြောင်း။
- ပျက်စီးမှုများအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့မိသားစုအလိုက်လည်း ပြင်ဆင်နိုင်သည်မှန်သမျှကို ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရသေ့တောင်မြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

- မိမိတို့နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှတိုက်ခိုက်မှုများနှင့်ပိတ်ဆို့မှုများရှိကြောင်း၊ ထိုသို့နိုင်ငံရေးအခက်အခဲများ ကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့်ရှိနိုင်ကြောင်း၊
- ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှုနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊
- ယခု သဘာဝဘေးဒဏ်ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊ တပ်မတော်တို့ပူးပေါင်း၍ ဒေသ၏အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊
- အစိုးရ၊ တပ်မတော်နှင့် ပြည်သူတို့စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက ဒေသတစ်ခုချင်းမှအစပြု၍ နိုင်ငံတော်ကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားခဲ့၏။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တပ်နယ်အသီးသီးမှ တပ်ရင်းတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့နှင့် ဘူးသီးတောင်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင်-

- မြို့နယ်အသီးသီး၌ ထောက်ပံ့ရေးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်မှုနှင့်ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျတွက်ချက်၍ အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊
- ရသေ့တောင်မြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရသော်လည်း စနစ်ကျနသည့် မြို့အကွက်ကျပုံစံရှိရန်နှင့် မြို့နေပြည်သူများအားလုံး စည်းကမ်းစနစ်တကျ ရှိရန်လိုကြောင်း၊
- တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်း၊ ပြန်လည်ထူထောင်ရေးပစ္စည်းနှင့် စားရေးအတွက် လိုအပ်ချက်များကိုလည်း နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊

- ဘူးသီးတောင်မြို့သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး နယ်မြေဖြစ်သဖြင့် တိုင်းပြည်ကို ချစ်သည့်စိတ်ဖြင့် ကာကွယ်ရန်လိုကြောင်း။
- မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း။
- ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ်လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများအတွက် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။**
- **မိမိတို့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ချိန်ကာလအတွင်း ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများနှင့် ပိတ်ဆို့မှုများရှိ၊ ထိုသို့နိုင်ငံရေးအခက်အခဲများ ကြုံတွေ့နေရချိန်၌ မိုခါမုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနိုင်။**
- **ဒေသခံပြည်သူများသည် မိမိတို့၏ တိုင်းရင်းသားများဖြစ်ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လေတည်းအတူရှူနေကြသူများဖြစ်သဖြင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးဖြင့် သူ့အကျိုးဆောင်၊ကိုယ့်အကျိုးဆောင်ဖြင့် နေထိုင်သွားမည်ဆိုပါက ဒေသတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်။**
- **ယခု သဘာဝဘေးဒဏ်ကျရောက်ခဲ့ချိန်တွင်လည်း အစိုးရ၊ တပ်မတော်တို့ပူးပေါင်း၍ ဒေသ၏အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ခဲ့။**
- **မြို့နယ်အသီးသီး၌ ထောက်ပံ့ရေးပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်မှုနှင့်ပတ်သက်၍ ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျတွက်ချက်၍ အမြန် ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်။**
- **မြန်မာနိုင်ငံအတွင်း နေထိုင်သူများဖြစ်သဖြင့် မိမိတို့နေထိုင်သည့်မြေပေါ်တွင် သစ္စာရှိရှိဖြင့် ဆောင်ရွက်ရန်လို။**
- **ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပညာတတ် လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်သောကြောင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလို။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအားတွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က တပ်နယ်များမှ အရာရှိ၊စစ်သည်၊မိသားစုများအားတွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင်လ ၁၁ ရက်တွင် စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား အဆိုပါတပ်နယ်အသီးသီးရှိ ခန်းမများ၌ သီးခြားစီတွေ့ဆုံခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင်-

- ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)သည် နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့ကြောင်း။
- သေဆုံးသူ ၁၄၈ ဦးရှိခဲ့ပြီး ထိုထက်မကသည့် သေကျေပျက်စီးမှုများ ကြုံတွေ့ရနိုင်သည်ဟု နိုင်ငံတကာမှခန့်မှန်းမှုများရှိခဲ့ကြောင်း၊
- မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူရမည် ဖြစ်ကြောင်း။
- လေပြင်းတိုက်ခြင်းနှင့် ရာသီဥတုမမျှတခြင်းတို့ကို ကာကွယ်နိုင်ရန် သဘာဝအကာအကွယ်ဖြစ်သည့် သစ်ပင်သစ်တောစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်ပြီး နောက်ပိုင်းတွင် စစ်တွေမြို့တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားရေးအ

ဆင်ပြေစေရေးအတွက် ရန်ကုန်မြို့မှတစ်ဆင့် အစားအသောက်များကို ပို့ဆောင်ပေးလျက်ရှိကြောင်း။

- တပ်မတော်သည် ပြည်သူများကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်သဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ အပြည့်အဝရရှိသည့်နိုင်ငံဖြစ်ရန်လိုကြောင်း၊
- တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်ဆောင်ရွက်ရန်လိုပြီး ပြည်သူများ ဘဝရပ်တည်နိုင်ရေးအတွက် အသိပညာအတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝ တိုးတက်လာမည်ဖြစ်ကြောင်း။
- တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရေးကို အမြဲမပြတ်အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က တပ်နယ်အသီးသီးရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြပါသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)သည် နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ခဲ့သည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့။**
- **သေဆုံးသူ ၁၄၈ ဦးရှိခဲ့ပြီး ထိုထက်မကသည့် သေကျေပျက်စီးမှုများ ကြုံတွေ့ရနိုင်သည်ဟု နိုင်ငံတကာမှ ခန့်မှန်းမှုများရှိခဲ့။**
- **မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်။**
- **လေပြင်းတိုက်ခြင်းနှင့် ရာသီဥတုမမျှတခြင်းတို့ကိုကာကွယ်နိုင်ရန် သဘာဝအကာအကွယ်ဖြစ်သည့် သစ်ပင်သစ်တောစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်။**
- **တပ်မတော်သည် ပြည်သူများကြားမှပေါက်ဖွားလာပြီး တိုင်းပြည်၏အစိတ်အပိုင်းပင်ဖြစ်သဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင် ရွက်သွားမည်ဖြစ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့ စစ်တွေတပ်နယ်နှင့် ကမ်းနီတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇူလိုင်လ ၁၀ ရက်တွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒေါက်တာအောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အတွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့သို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ မုန်တိုင်းဒဏ်သင့်ပြည်သူများ စားသောက်နေထိုင်ရေးနှင့် ပညာသင်ကြားနိုင်ရေး၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ ပြန်လည်ထူထောင်ရေးအတွက် ပြန်လည်ထူထောင်ရေးပစ္စည်းများကို တပ်မတော်ရေယာဉ်၊ လေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိမှုအခြေအနေများ၊ စားရေရိက္ခာပြတ်လတ်မှုမရှိရေး အခြေခံစားသောက်ကုန်များ၊ သောက်သုံးရေများနှင့် အမယ်စုံများကို ဒေသခံပြည်သူများထံ ဖြန့်ဝေပေးခဲ့မှု၊ မုန်တိုင်းသင့်ပြည်သူများအား အပိုင်းလိုက်ခွဲ၍ အမှန်တကယ် လိုအပ်သည့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိရေး စီမံဆောင်ရွက်လျက်ရှိမှုများအား ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က-

- ပြန်လည်ပြင်ဆင်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လတ်တလော ငွေကြေးကုန်ကျမှုများထက် ဒေသ၏ရေရှည်အကျိုးကိုကြည့်၍ဆောင်ရွက်ရန်လိုကြောင်း၊
- မြို့ပတ်လမ်းတစ်လျှောက်၌ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားများ ဆောင်ရွက်ရန်နေရာများ၊ ပင်လယ်ကမ်းစပ်သို့ ဆင်းနိုင်သည့် နေရာများကိုလည်း ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊
- ခေတ်မီမြို့ပြအဖြစ် ရောက်ရှိလာစေရေး မြို့တွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ အဆောက်အဦများကိုလည်း ခေတ်နှင့်လျော်ညီသည့် အဆောက်အဦများဖြစ်စေရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း၊





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ View Point နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု**

- ရခိုင်ပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် မွေးမြူရေးအစာကုန်ကြမ်းများရှိပြီးဖြစ်သဖြင့် အစာစနစ်၊ ရေစနစ်တို့ကို စနစ်တကျဆောင်ရွက်မည်ဆိုပါက မွေးမြူရေးအထွက်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း။
- အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် လိုအပ်သည့်အချိန်များတွင် ယာယီခိုလှုံရာ Shelter များအဖြစ် အသုံးပြုနိုင်ရေး စနစ်တကျဖြင့် တွက်ချက်စီမံဆောင်ရွက်ရန်လိုကြောင်း။
- မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာတွင် ထိခိုက်မှုအဆင့်အလိုက် သတ်မှတ်ထားသည့်အတိုင်း ထောက်ပံ့ပေးနိုင်ရေး စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း။
- လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှ ချိတ်ဆက်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်နိုင်ကြောင်း။
- စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ရေအရင်းအမြစ်ကို အသုံးချ၍ အသေးစား၊ အလတ်စား ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း လေ့လာဆောင် ရွက်ရန်လိုကြောင်း။
- သဘာဝဘေးဒဏ်ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို လက်ရှိအချိန်တွင် တွေ့ရှိရကြောင်း။
- အဆောက်အဦများပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အဦများ ပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း။
- နိုင်ငံတော်အနေဖြင့် စီမံခန့်ခွဲမှုများအရ၊ ငွေကြေးအရ၊ စားသောက်ကုန်များနှင့် အခြားလိုအပ်သည်များကို တတ်စွမ်းသ၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။
- သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အချိန်၊ အများပြည်သူအခက်အခဲအကျပ်အတည်းများ တွေ့ကြုံနေရသည့်အချိန်တွင် တစ်ကိုယ်ကောင်းဆန်သည့် စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မတန်တဆဈေးနှုန်းများဖြင့် မြှင့်တင်ရောင်းချနေမှုများအပေါ်တွင် တာဝန်ရှိသူများက ဈေးနှုန်းမြှင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘက်စုံသုံးဆိပ်ကမ်း၌ MV ROYAL VENUS သင်္ဘောနှင့် Fortune သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးနေမှု**

- ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်လိုပြီး ရခိုင်ပြည်နယ်သည်လည်း ပညာတတ်များ ပေါ်ကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သဖြင့် ပညာရည်မြင့်တင်မှုနှင့်ပတ်သက်၍ ဆက်လက်အားပေး ဆောင်ရွက်သွားကြစေလိုကြောင်း။
- မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ပေးရာတွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမိုခွန်အားစိုက်ထုတ်လုပ်ဆောင်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံးဆိပ်ကမ်း၌ MV ROYAL VENUS သင်္ဘောနှင့် Fortune သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၃)**

- **နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် စစ်တွေမြို့အတွင်းနှင့် ရှုခင်းသာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့။**
- **မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် ထိခိုက်မှုအဆင့် အလိုက် သတ်မှတ်ထားသည့်အတိုင်း ထောက်ပံ့ပေးနိုင်ရေး စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ရန်လို။**

- သဘာဝဘေးဒဏ်ကျရောက်ခဲ့ပြီး နှစ်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို လက်ရှိအချိန်တွင်တွေ့ရှိ။
- အဆောက်အဦများပြင်ဆင်ခြင်းနှင့်ပတ်သက်၍ လက်ရှိအဆောက်အဦများ ပြင်ဆင်ခြင်းနှင့် နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်လို။
- အများပြည်သူအခက်အခဲအကျပ်အတည်းများ တွေ့ကြုံနေရသည့်အချိန်တွင် တစ်ကိုယ်ကောင်းဆန်သည့်စိတ်ဓာတ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများကို သတ်မှတ်ဈေးနှုန်းများထက် မြင့်တင်ရောင်းချနေမှုများအပေါ်တွင် တာဝန်ရှိသူများက ဈေးနှုန်းမြင့်တင်ရောင်းချနေသူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လို။
- မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာ တွင် ယခင်ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမိုခွန် အားစိုက်ထုတ်လုပ်ဆောင်ကြရန်လို။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများ ချက်ပြုတ်နေမှုများအား ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်ဇနီး ဒေါ်ကြူကြူလှ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်လ ၁၁ ရက်တွင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၅၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများထံသို့ပေးပို့ရန် သီးစုံဒံပေါက်များထုပ်ပိုးနေမှုများကို ကြည့်ရှုအားပေးနေမှု**

ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ချက်ပြုတ်ထုပ်ပိုးနေမှုများကို သွားရောက်ကြည့်ရှု အားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပါသည်။


ထို့နောက် စတုဒိသာအလှူတော် အစီအစဉ်တွင်ပါဝင်သည့် ရခိုင်ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအဖွဲ့၊ အစ္စလာမ်ဘာသာရေးအဖွဲ့နှင့်ဟိန္ဒူဘာသာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်သင့်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လျက်ရှိသည့် ရခိုင်ပြည်နယ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ကိုယ်တိုင်ကိုယ်ကျလာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံးကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ယခုထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်းဖြင့် ဆုတောင်းမေတ္တာပို့သပေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ရက် ၅၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ဘူးများကို ထောက်ပံ့ပေးအပ်ကာ အားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရခိုင်ရှေးဟောင်းမြို့တော်များပြခန်း၊ ရခိုင်စာပေကဏ္ဍပြခန်း၊ ရခိုင်ရှေးဟောင်းဒင်္ဂါးများပြခန်း၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများပြခန်း၊ ရခိုင်ဓလေ့ထုံးစံများပြခန်း၊ ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓယဉ်ကျေးမှုပြခန်း၊ ရိုးရာကျင်အားကစားပြခန်းတို့အတွင်း စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်းနှင့် ဓညဝတီအားကစားကွင်းတွင် ပြည်နယ်အဆင့်အားကစားပွဲများကို ကျင်းပနိုင်သည့် မိုးလုံလေလုံအားကစားရုံ၊ ခေတ်မီပြေးလမ်းနှင့်ပွဲကြည့်စင်ပါ အားကစားကွင်းနှင့် အဆင့်မီရေကူးကန်တို့ တည်ဆောက်နိုင်ရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီးစုံဒံပေါက်ချက်ပြုတ်နေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်မှုနှင့် အလှူရှင်များမှ လှူဒါန်းသည့် သီးစုံဒံပေါက်များကို ပေးအပ်နေမှု





- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် ချက်ပြုတ် လှူဒါန်းသည့် သီးစုံဒံပေါက်ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့။
- စတုဒိသာအလှူတော် အစီအစဉ်တွင်ပါဝင်သည့် ဘာသာပေါင်းစုံအဖွဲ့တို့မှ တာဝန်ရှိသူများကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံးကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ယခုထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဖြင့် ဆုတောင်းမေတ္တာပို့သပေးခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား စတုဒိသာအလှူတော်အစီအစဉ်တွင် ပါဝင်သည့် ဘာသာပေါင်းစုံအဖွဲ့များမှ တာဝန်ရှိသူများက ဆုတောင်းမေတ္တာပို့သပေးနေမှု







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင်-

- လက်ရှိတွင် လူဦးရေအလျင်အမြန် တိုးတက်လာခြင်းသည် လူများ၏ ကျန်းမာရေး၊ အစာအာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများ တိုးတက်ကောင်းမွန်လာခြင်း၏ အကျိုးဆက်အဖြစ် လူ့သက်တမ်းများ ပိုမိုရှည်ကြာလာခြင်းကြောင့် ဖြစ်ကြောင်း။
- ကမ္ဘာ့လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် တန်းတူညီမျှမှုမရှိခြင်း၊ ဆင်းရဲချမ်းသာ ကွာဟမှုပိုများလာခြင်း၊ စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသူများလည်း တိုးပွားလာသည်ကို တွေ့ရကြောင်း။
- ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်းကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားရှားပါးလာပြီး သက်ကြီးရွယ်အိုများပြားလာသည့်အခြေအနေကို ရင်ဆိုင်နေကြရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည့် နိုင်ငံများတွင် လူဦးရေတိုးပွားမှုမြန်ဆန်လာသည့်အတွက် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုလှုပ်ရှားရုန်းကန်နေကြရကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများ၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား-မ တန်းတူညီမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၇ သန်းကျော်ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း။
- အနာဂတ်တွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးများကို




**ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးနေမှု**

အပြည့်အဝ ခံစားခွင့်ရရှိစေရေးအတွက် "လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့်မူဝါဒ"ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

- ကျား၊ မ အခြေပြု အကြမ်းဖက်မှုခံစားနေရသောသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာများကို နေပြည်တော်၊ ပင်းတယ၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတို့နိုင်ငံတွင် လူဦးရေဆိုင်ရာပြောင်းလဲမှုမှ အခွင့်အလမ်းများရယူနိုင်ရန် ၁၀ နှစ် တစ်ကြိမ် မဖြစ်မနေဆောင်ရွက်ကြရသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအကြို စမ်းသပ်ဆောင်ရွက်ချက်အဖြစ် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း။
- အရေးကြီးသည့် လူဦးရေအချက်အလက်များနှင့် မှန်ကန်သည့် ကိန်းဂဏန်းများရရှိမှသာ နိုင်ငံ၏ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပေါ်ထွက်ရရှိလာမည်ဖြစ်သကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီဖြစ်ပေါ်လာစေရေး၊ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် ကောင်းမွန်သည့်အနာဂတ် တည်ဆောက်နိုင်ရေး ဦးတည်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။
- ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီးနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေး Video Clip ကို ပြသခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**





ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများအားကြည့်ရှုနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့။

- လက်ရှိတွင် လူဦးရေအလျင်အမြန် တိုးတက်လာခြင်းသည် လူများ၏ကျန်းမာရေး၊ အစာအာဟာရ၊တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများ တိုးတက်ကောင်းမွန်လာခြင်း၏ အကျိုးဆက်အဖြစ် လူ့သက်တမ်းများ ပိုမိုရှည်ကြာလာခြင်းကြောင့်ဖြစ်။


- မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၌ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား-မ တန်းတူညီမှုရှိစေရေးတို့ကို အလေးထား ဆောင်ရွက်လျက်ရှိ။

- အနာဂတ်တွင် သက်ကြီးရွယ်အိုလူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ် စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်။

- ကျား၊ မ အခြေပြု အကြမ်းဖက်မှု ခံစားနေရသောသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာများကို နေပြည်တော်၊ ပင်းတယ၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ။

- အရေးကြီးသည့် လူဦးရေအချက်အလက်များနှင့် မှန်ကန်သည့် ကိန်းဂဏန်းများရရှိမှသာ နိုင်ငံ၏ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပေါ်ထွက်ရရှိလာမည်ဖြစ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုဏ္ဏားကျွန်း၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး





ဇူလိုင်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည်ပုဏ္ဏားကျွန်း၊မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါ သည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့သည်-

- မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇမင်္ဂလာ ကြိုးတံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- မောင်တောမြို့၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ် များသို့ သွားရောက်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ ဆန်၊ ဆီ၊ ရေသန့်စက်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်ကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။
- ပုဏ္ဏားကျွန်းမြို့နယ်၊ မြို့မရဲစခန်း၊ မောင်တောမြို့၊ အမှတ်(၅) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၊ ဘူးသီးတောင်မြို့နယ်၊ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ၊ စစ်တွေမြို့၊ အမှတ်(၁၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့သို့ သွားရောက်၍ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့်တွေ့ဆုံကာ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့။
- မောင်တောမြို့နယ်၊ စစ်တွေမြို့နယ်နှင့် မြေပုံမြို့နယ်များရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- စစ်တွေလေဆိပ်တွင် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)တိုက်ခတ်မှုကြောင့် လေဆိပ်အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများပျက်စီးခဲ့မှုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့။
- မုန်တိုင်းဒဏ်ကြောင့် ပြတ်တောက်ခဲ့သည် ဆက်သွယ်ရေးလိုင်းများ၊အဝေးဆက်သွယ်ရေးလမ်းကြောင်းများ၊ ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု၊ ဆက်သွယ်ရေးရုံးဝင်းအတွင်း ယာယီတာဝါတိုင် တည်



**ဗိုလ်ချုပ်ကြီး မြထွန်းဦး နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်နေမှု**

ဆောက်ထားရှိမှုနှင့် တာဝါတိုင်အသစ်တည်ဆောက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အဖွဲ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်၊ ဆောက် လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများပါဝင်ပြီး ၎င်းတို့၏ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**




**ဗိုလ်ချုပ်ကြီး မြထွန်းဦး ပေါက်တောမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးနေမှု**

- **ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း မိုခါဒဏ်သင့် ပုဏ္ဏားကျွန်း၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စားသောက်ကုန်ပစ္စည်းများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့။**




ဗိုလ်ချုပ်ကြီး မြထွန်းဦး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်နေမှု

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ် ခဲ့ပါသည်။

- ဆွေးနွေးပွဲပထမနေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ

အကူအညီပံ့ပိုးရေးကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့။

- ဆွေးနွေးပွဲ ဒုတိယနေ့၌ ပထမနေ့တွင် မပြီးသတ်သေးသည့်ကိစ္စရပ်များအား ဆက်လက်ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး ၂ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာ စာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့။

တွေ့ဆုံဆွေးနွေးပွဲများသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီရုပ်မြင်သံကြားသတင်း ၁၂-၇-၂၀၂၃)**

- **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့။**
- **ဆွေးနွေးပွဲများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်လိုသောအချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့်အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးညီလာခံကျင်းပရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပံ့ပိုးရေးကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ၂ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံသို့တက်ရောက်




"ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ်အဆင့်မြင့်ညီလာခံ" သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်း မြို့၌ ရောက်ရှိနေသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဇူလိုင်လ ၉ ရက်တွင် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)၊ ဒုတိယဥက္ကဋ္ဌ Mr. Deng Boqing နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲစီမံကိန်းများ၊ အဆိုပြုစီမံကိန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဇူလိုင်လ ၁၀ ရက်တွင် "ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက် ချက်ဖိုရမ်၏ ပထမအကြိမ် အဆင့်မြင့်ညီလာခံ" ကို "Global Development Initiative: Echo the Development Agenda and Call for Global Action" ခေါင်းစဉ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါညီလာခံသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ ဗဟိုနိုင်ငံခြားရေးရာကော်မရှင်ရုံးအကြီးအကဲ Mr. Wang Yi ၊ တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Luo Zhao-hui ၊ ဖိတ်ကြားထားသော အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၆ ခုတို့ မှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်နှစ်ဦးတို့လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA)၊ ဒုတိယဥက္ကဋ္ဌနှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဆဲစီမံကိန်းများ၊အဆိုပြုစီမံကိန်းများနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။**
- **ဇူလိုင်လ ၁၀ ရက်တွင် "ဖွံ့ဖြိုးမှုမျှဝေခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်ချက်ဖိုရမ်၏ ပထမအကြိမ်အဆင့်မြင့်ညီလာခံ" သို့ တက်ရောက်ခဲ့။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင် ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့တွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ ဘီလာရုစ်၊ ကာဇက်စတန်၊ အာမေးနီးယား၊ ဂျာဂျစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ သီရိလင်္ကာ၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တို့မှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက-

- မိမိတို့နိုင်ငံသားများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ကာ ပြည်တွင်းထုတ်လုပ်မှုများကို တိုးမြှင့်ပြုလုပ်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲရန် လုံလောက်သည့်အပြင် ပိုလျှံလာပါက အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း။




- မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကူအညီများ ပေးအပ်လျက်ရှိပြီး သံမဏိစက်ရုံ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများပြီးမြောက်၍ စတင်လည်ပတ်နိုင်ပါက ပြည်တွင်းသံမဏိလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပြည်ပမှသံမဏိတင်သွင်းမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့်လည်း စဉ်ဆက်မပြတ် တိုးတက်နေသော စက်မှုနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းရှိ အခြေအနေများသာမက ဘဲ ပြည်ပအခြေအနေများ၏ လွှမ်းမိုးမှုများစွာရှိသည်ကိုလည်း ဖြည့်စွက်ပြောကြားလိုကြောင်း။
- ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များသည် မြန်မာနိုင်ငံအတွက်လည်း အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့။

ပြည်ထောင်စုဝန်ကြီးသည် Sverdlovsk Region Governorက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Denis Manturov ၊ နိုင်ငံတကာမှ ဝန်ကြီးများ၊ သံတမန်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **မြန်မာနိုင်ငံမှ လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကူအညီများ ပေးအပ်လျက်ရှိပြီး သံမဏိစက်ရုံစီမံကိန်း တည်ဆောက်မှုလုပ်ငန်းများပြီးမြောက်၍ စတင်လည်ပတ်နိုင်ပါက ပြည်တွင်း သံမဏိလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပြည်ပမှသံမဏိတင်သွင်းမှုများ လျှော့ချနိုင်မည်ဖြစ်။**
- **မြန်မာနိုင်ငံအနေဖြင့်လည်း စဉ်ဆက်မပြတ်တိုးတက်နေသော စက်မှုနိုင်ငံအဖြစ်သို့ပြောင်းလဲနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းရှိအခြေအနေများသာမကဘဲ ပြည်ပအခြေအနေများ၏ လွှမ်းမိုးမှုများစွာရှိ။**

# ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်းနိုင်ငံတကာဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြား




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဇူလိုင်လ ၁၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပသည့် ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်းနိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက-

- ပြည်သူ့ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းဆိုသည်မှာ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများအကြား အပြန်အလှန်ကိုယ်စားပြုနိုင်ရေးရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသောနည်းလမ်းဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ ကျန်းမာရေးစနစ်များကို ပိုမိုကောင်းမွန်လာစေခြင်းနှင့် ထိရှလွယ်သောအသိုက်အဝန်း၏ အခွင့်အလမ်းများ လုံခြုံစေနိုင်ခြင်းများဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာတိုးတက်မှုများ ရရှိစေရေးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားမှုနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအား အခြေခံသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးအနက် တန်ဖိုးထားကြောင်း။
- မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကို ကျေးဇူးတင်ရှိကြောင်း။
- ယခုကျင်းပသော နိုင်ငံတကာဆွေးနွေးပွဲမှတစ်ဆင့် လက်ရှိရင်ဆိုင်နေရသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုပြဿနာများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ပြောကြားခဲ့။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်က တက်ရောက်လာသည့်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်ထားပြီး

ပြန်လည်လက်ခံရန်အဆင်သင့်ဖြစ်နေကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံအစိုးရအနေဖြင့် အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးစေလိုကြောင်း တွေ့ဆုံရှင်းလင်းပြောကြားခဲ့ ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Mr. Zahid maleque နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပူး ပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကူးစက်မြန်ရောဂါများ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆေးဝါးများထုတ်လုပ်နိုင်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်းနိုင်ငံတကာ ဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇူလိုင်လ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံဝန်ကြီးချုပ်ရှိတ်ဟာဆီနာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန် ကြီးများ၊ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်း ဝန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများမှ ပညာရှင်များ၊ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် သံအမတ်ကြီးများနှင့် နိုင်ငံပေါင်း ၈ နိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင် ရာတိုးတက်မှုများ ရရှိစေရေးအတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန်လေးစားမှုနှင့် ကျန်းမာ ရေးဆိုင်ရာဆောင်ရွက်မှုများကို အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအား အခြေခံသောချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးအနက် တန်ဖိုးထား။**
- **မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေး အတွက် ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ စားဝတ်နေရေး ဆိုင်ရာကိစ္စရပ်များကို အကောင်းဆုံးပြင်ဆင် ဆောင်ရွက်ထားပြီး ပြန်လည်လက်ခံ ရန်အဆင်သင့်ဖြစ်နေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် အမြန်ဆုံးပြန် လည် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလို။**
- **ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် တွေ့ဆုံ၍ ကူးစက်မြန်ရော ဂါများကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ ဆေးဝါးများထုတ်လုပ်နိုင်ရေး နှစ်နိုင်ငံပူး ပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့။**

## မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် လှူဒါန်းငွေနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲကျင်းပ

မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ဒေသများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင် ရွက်ရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ၊ ပြည်ပရောက်မြန်မာ နိုင်ငံသားများ၊ မိတ်ဖက်နိုင်ငံခြားကုမ္ပဏီများမှ လှူဒါန်းငွေ များနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)၌ ဇူလိုင်လ ၇ ရက်တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန် လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ




ဝန်ကြီး ဦးကျော်မျိုးထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ပရှိမြန်မာသံရုံး၊မြန်မာအမြဲတမ်းကိုယ်စားလှယ်ရုံးတို့မှဝန်ထမ်းများက လှူဒါန်းသည့် နိုင်ငံခြားငွေ ရှစ်မျိုးနှင့်ညီမျှသည့် မြန်မာငွေကျပ် ၇၂,၄၅၄,၇၀၀ နှင့် ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ ကုမ္ပဏီများနှင့်အဖွဲ့အစည်းများက လှူဒါန်းသည့် နိုင်ငံခြားငွေ ငါးမျိုးနှင့် ညီမျှသည့် မြန်မာငွေကျပ်၆၁,၄၇၃,၄၀၀ စုစုပေါင်းငွေကျပ် ၁၃၃,၉၂၈,၁၀၀ နှင့် အိန္ဒိယရူပီး ၁,၁၉၃,၉၈၇ ဒသမ ၂၀ နှင့်ညီမျှသည့် မြန်မာငွေကျပ် ၂၉,၈၄၉,၆၈၀ တန်ဖိုးရှိဆေးဝါးများကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၇-၂၀၂၃)**

- **အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများ၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ၊ မိတ်ဖက်နိုင်ငံခြားကုမ္ပဏီများမှ လှူဒါန်းသည့် မြန်မာငွေကျပ် စုစုပေါင်း ၁၃,၃၉၂၈,၁၀၀ နှင့် မြန်မာငွေကျပ် ၂၉,၈၄၉,၆၈၀ တန်ဖိုးရှိ ဆေးဝါးများကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်း ခဲ့။**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

- မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ခန့်အပ်တာဝန်ပေးထားသည့် တပ်မတော်မှအရာရှိကြီးများသည် ဇူလိုင်လ ၅ ရက်မှ ၁၁ ရက်အထိ



ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူ၊ မာန်အောင်၊ ဘူးသီးတောင်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မောင်တော၊ ကျောက်တော်မြို့များနှင့် ချင်းပြည်နယ်၊ ပလက်ဝနှင့် ဟားခါးမြို့တို့၌ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ဒေသခံပြည်သူများအား မျိုးစပါးများ ထောက်ပံ့ပေးနေမှု၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျိုးကျပြိုလဲခဲ့သော တယ်လီဖုန်းကွန်ကရစ်တိုင်များ အသစ်လဲလှယ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန်တိုင်းသင့်ဘုန်းတော်ကြီးကျောင်းများ၊ ဒေသခံပြည်သူများအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အလှူငွေများ၊ တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့။

- ဇူလိုင်လ ၅ ရက်မှ ၈ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ဘူးသီးတောင်မြို့များသို့ ကြိုတင်စေလွှတ်ထားသော တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့် ရှောက်ပေးခြင်း၊ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့။
- ဇူလိုင်လ ၅ ရက်တွင် ဖဖ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ မင်းပြား-ပေါက်တောဓာတ်အားလိုင်းပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ရသေ့တောင်မြို့ပေါ်ရပ်ကွက် ၄ ရက်ကွက်နှင့် ကျေးရွာ ၁ ရွာ၊ ပေါက်တောမြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်တို့ကို ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးထားပြီးဖြစ်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မုန်တိုင်းဒဏ်ကြောင့် ဓာတ်အားလိုင်းများပျက်စီးခဲ့သည့် မြို့နယ် ၁၀ မြို့နယ်အနက် ၈ မြို့နယ်အား ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်။
- ဇူလိုင်လ ၈ ရက်နှင့် ၉ ရက်တို့တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ စစ်တွေမြို့ဘက်ဆုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများဖြန့်ခွဲနေမှုနှင့် ကမ်းနားလမ်းပြုပြင်နေမှု၊ ပွိုင့်ကမ်းခြေပတ်လမ်းတိုးချဲ့ဖောက်လုပ်နေမှု၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလှုပ်ရှားဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့။
- ဇူလိုင်လ ၁၀ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်သည် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ လှူဒါန်းသည့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ပို့ဆောင်မည့် ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများ စုဖွဲ့ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့။

ထိုသို့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












## ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရမှုအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များဖြစ်ပေါ်ခံခဲ့ရသည့်ဒေသများသို့ တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိ။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်



မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများအား တပ်မတော်လေယာဉ်/ရဟတ်ယာဉ်၊ စစ်ရေယာဉ်များဖြင့် နေ့စဉ်ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင်လ ၆ ရက်တွင် အခြေခံစားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ၃.၇၆၉ တန်ကို တင်ဆောင်၍ တပ်မတော် (လေ) ရှိ လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ပါသည်။

ဇူလိုင်လ ၁၀ ရက်တွင် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ် ၁ စင်းသည် ဆန် ၈,၀၀၀ အိတ်၊ မိသားစုသုံးပစ္စည်း ၂,၅၉၀ စုံ၊ မီးဖိုချောင်သုံးပစ္စည်း ၃,၁၇၄ စုံ၊ ဆေးဝါးပစ္စည်း ၁၅,၀၀၀ စုံ၊ ရွက်ဖျင်တဲ ၁,၅၁၆ လုံး၊ ကူညီကယ်ဆယ်ရေးသုံးပစ္စည်း ၁,၀၇၆ အိတ်၊ စောင် ၅,၀၀၀ ထည်၊ သံကြိုးလွှစက် ၂၀ လက်၊ နေရောင်ခြည် စွမ်းအင်သုံးမီးအိမ် ၅၀ စုံ၊ VRLA ဘက္ကထရီ ၅၀ လုံး၊ တာပေါ်လင် ၁,၀၀၀ လိပ်နှင့် မွေ့ရာလိပ် ၂၀၀ ခု စုစုပေါင်း ကုန်တန်ချိန် ၇၄၉ တန်အား တင်ဆောင်၍ စစ်တွေမြို့သို့ ပို့ဆောင်ပေးခဲ့ပါသည်။

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)ရှိ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ မေလ ၁၅ ရက်မှ ဇူလိုင်လ ၆ ရက်ထိ ထောက်ပံ့ရေးပစ္စည်း ၅၆၄.၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃,၅၄၂ ဦးတို့အား ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ် သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံး မှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်လေယာဉ်/ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်လျက်ရှိ။**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား ပို့ဆောင်ခဲ့သည့်မှတ်တမ်းဓာတ်ပုံများ








# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၆ ရက်အထိ နှစ်လကျော်ကာလအတွင်း ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇၆ ဒသမ ၃၄၉ သန်းရရှိပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁,၀၆၄ ဒသမ ၃၃၁ သန်း ရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁,၇၄၀ ဒသမ ၆၈ သန်းရရှိခဲ့။
- ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ဆန်နှင့်ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီပေါင်း ၃၀ မှ ဆန် တန်ချိန် ၂၇,၅၆၉ တန်နှင့် ဆန်ကွဲတန်ချိန် ၃၅,၁၅၆ တန် စုစုပေါင်း ၆၂,၇၂၅ တန်ကို ပြည်ပနိုင်ငံပေါင်း ၃၃ နိုင်ငံသို့ တင်ပို့ခဲ့။
- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရန်လျာထားကာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ ရရှိရန် မျှော်မှန်းထား။

ပြည်ပသို့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်များတင်ပို့ရာတွင် ပို့ကုန်တင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂,၇၃၄ ဒသမ ၃၁၄ သန်း ရရှိခဲ့ရာ ယင်းပို့ကုန်များတွင် စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးရရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၆ ရက်အထိ ပြည်ပသို့ စက်မှုကုန်ချော တင်ပို့မှုအနေဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁,၇၄၀ ဒသမ ၆၈ သန်းရရှိခဲ့။**
- **ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ဆန်နှင့်ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီပေါင်း ၃၀ မှ ဆန်တန်ချိန် ၂၇,၅၆၉ တန်နှင့် ဆန်ကွဲတန်ချိန် ၃၅,၁၅၆ တန် စုစုပေါင်း ၆၂,၇၂၅ တန် ကို ပြည်ပနိုင်ငံပေါင်း ၃၃ နိုင်ငံသို့ တင်ပို့ခဲ့။**

# ဖျာပုံမြစ်ဝတွင်သောင်တင်နေသော ကုန်တင်ရေယာဉ်တစ်စင်းအား တပ်မတော်(ရေ) ကွပ်ကဲမှုအောက်ရှိ အမြန်သွားကင်းလှည့်ရေယာဉ်မှ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်






တပ်မတော် (ရေ) ကွပ်ကဲမှုအောက် စစ်ဆင်ရေးရေပြင် ဧရိယာအတွင်း တာဝန်ထမ်းဆောင်နေသော အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင်လ ၉ ရက်၌ တက်မထိန်းစနစ်ချို့ယွင်းပြီး ဖျာပုံမြစ်ဝတွင် သောင်တင်လျက်ရှိနေသည့် MV LASHIO ကုန်တင်ရေယာဉ်တစ်စင်းကို တွေ့ရှိသဖြင့် ရေယာဉ်ပေါ်ရှိ ရေလုပ်သားများအား ကျန်းမာရေးနှင့် အခြားလိုအပ်သည့် အကူအညီပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ကူညီဆောင်ရွက်ပေးရာ ဇူလိုင်လ ၁ဂ ရက်၏ ဖျာပုံမြစ်ဝဒီရေအမြင့်ဆုံးအချိန်၌ MV ချမ်းလတ်လတ်ကုန်တင်ရေယာဉ်ဖြင့် သောင်တင်နေသည့် MV LASHIO ကုန်တင်ရေယာဉ်အား သောင်မှလွတ်မြောက်အောင် ကူညီတွဲဆွဲစေခဲ့ပြီး တက်မထိန်းစနစ်ချို့ယွင်းမှုအား ပြန်လည်ပြုပြင်နိုင်ရေးတို့ကို အဆင်ပြေအောင် စီစဉ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၃)**

- **အမြန်သွားကင်းလှည့်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တက်မထိန်းစနစ်ချို့ယွင်းပြီး ဖျာပုံမြစ်ဝတွင် သောင်တင်လျက်ရှိနေသည့် ကုန်တင်ရေယာဉ်တစ်စင်းကိုတွေ့ရှိသဖြင့် ရေယာဉ်ပေါ်ရှိ ရေလုပ်သားများအား ကျန်းမာရေးနှင့် အခြားလိုအပ်သည့် အကူအညီပေးခြင်းများဆောင်ရွက်ခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇူလိုင်လ ၅ ရက်မှ ၁၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေး တိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်ထိ စုစုပေါင်း ၁,၆၁၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**

- **ဇူလိုင်လ ၅ ရက်မှ ၁၀ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး၌ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ စုစုပေါင်း ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်ထိ စုစုပေါင်း ၁,၆၁၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

## ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- ဇွန်လ ၁ ရက်မှ ၃၀ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၄၆.၂၁ ကီလို၊ ဘိန်းဖြူ ၅၆.၀၇ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၇,၅၈၀,၄၆၆ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀.၀၁ ကီလို၊ အိုက်စ် ၇၅၇.၄၄ ကီလို၊ ဆေးခြောက် ၄၀.၅၆ ကီလို၊ ဘိန်းဆီခဲ ၂.၁၁ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၀၁ ကီလို၊ ဘိန်းစာရွက် ၉.၈၇ ကီလို၊ ဘိန်းစာမှုန့် ၉၄.၁ ကီလို၊ ဘိန်းစာရည် ၆ လီတာ၊ အက်တက်စီဆေးပြား ၆၆၂ ပြား၊ ကတ်တမင်း ၆.၃၆ ကီလို၊ Erimin-5 ၂,၅၀၀ ပြား၊ Frimin-5 ဆေးပြား ၇၈၀ ပြား၊ Happy Water ၁၀.၇၄ ကီလို၊ ကဖင်း ၂,၀၅၉.၆ ကီလို၊ Sodium Sulfate ၄၅၀ ကီလို၊ Sulphuric Acid ၂၂၄ လီတာ၊ Sodium Cyanide ၁၃၅ ကီလို၊ Ethyl Acetate ၁၂,၆၀၀ လီတာ၊ Ethanol ၈,၅၀၀ လီတာနှင့် Benzene (Solid) ၁,၅၀၀ ကီလို စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၃၃,၅၃၀.၇၆၈ (US$ ၁၅.၉၆၇ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၆၂၇ ဦး၊ အမျိုးသမီး ၁၀၄ ဦး၊ စုစုပေါင်းတရားခံ ၇၃၁ ဦးဖမ်းဆီးရမိခဲ့ပါသည်။ ယခင်လနှင့် နှိုင်းယှဉ်ရာတွင် မူးယစ်ဆေးဝါးတန်ဖိုးငွေ

ကျပ်သန်းပေါင်း ၂၄,၆၉၉.၆၀၇ (US$ ၁၁.၇၆၂ သန်းကျော်) ပိုမိုဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၃)**



**မန္တလေးတိုင်းဒေသကြီး၌ ငွေကျပ် ၁၄ ဒသမ ၁၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တရားခံများနှင့်အတူ ဖမ်းဆီးရမိ**



**မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိ**

## ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို တရားခံများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို တရားခံနှင့်အတူ ဖမ်းဆီးရမိ

- ဇွန်လအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် သန်းပေါင်း ၃၃,၅၃၀.၇၆၈ (US$ ၁၅.၉၆၇ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၆၂၇ ဦး၊ အမျိုးသမီး ၁၀၄ ဦး၊ စုစုပေါင်းတရားခံ ၇၃၁ ဦးအား ဖမ်းဆီးရမိခဲ့။